မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 20 , 2026 Volume 99 , Number 11

၂၀. ၂.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၈.၂၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၄.၁၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၃.၃၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၈.၈၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၇.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၂၅ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တွံတေးတွင် ဖိနပ်လုပ်ငန်း စက်မှုရပ်ကွက်ဖော်ဆောင်မည်



ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်တွင် ဖိနပ်လုပ်ငန်းစက်မှုရပ်ကွက်ဖော်ဆောင်မည်ဖြစ်ကြောင်း ဖိနပ်လုပ်ငန်းရှင်များထံက သိရသည်။

နေရာအခက်အခဲဖြစ်နေသည့် ဖိနပ်လုပ်ငန်းရှင်များအတွက် စက်မှုရပ်ကွက်ဖော်ဆောင်ပေးရန် နိုင်ငံတော်ထံတင်ပြခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အနီးတွင် မြေကေများရရှိခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲနိုင်သည့်အတွက် ဒဂုံမြို့သစ် ၄ မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ အဆင်ပြေသည့်မြေနေရာပေးရန်အတွက် ထပ်မံ တင်ပြခဲ့ဖူးသော်လည်း လက်ရှိတွင်ရန်ကုန်နှင့်ဒလသို့ ဆက်သွယ်တည်ဆောက်ထားသည့် ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတားဖြစ်သည့် ဒလတံတားသစ်ကို ဖွင့်လှစ်ထားပြီဖြစ်သည့်အတွက် တွံတေးမြို့နယ်တွင်သာ ဖိနပ်လုပ်ငန်းစက်မှုရပ်ကွက်ဖော်ဆောင်သွားမည် ဖြစ်ကြောင်းသိရသည်။

“တွံတေးမှာ ၁၂၂ ဦးအတွက် ပေးတယ်။ ဖိနပ်စက်မှုရပ်ကွက်တည်ဆောက်ဖို့ဆိုပြီးတော့၊ ဗဟိုကော်မတီဝင် (၉) ဦးကိုတော့ ဒဂုံဆိပ်ကမ်း၊ ညောင်ရွှာမှာပေ (၄၀ x ၆၀) တစ်ကွက်စီပေးတယ်။ အဖွဲ့ချုပ်ရုံးဆောက်ဖို့တော့ မပေးသေးဘူး။ နောက်အစိုးရကျမှ ဆက်လျှောက်ရမှာပေါ့။ တွံတေးဆိုတော့လည်းယူရတာပေါ့။နေရာတော့အတိအကျမသိသေးဘူး။ မြေယာဌာနမှူးနဲ့ သွားတွေ့ရဦးမယ်။ ကေဘယ်လောက်ရမလဲ၊ ငွေကိုဘယ်လိုသွင်းရမလဲဆိုတာညှိနှိုင်းရဦးမယ်”ဟုဖိနပ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

တွံတေးမြို့နယ်အတွင်းရရှိမည့် မြေနေရာ၊ ကေနင့်ပေးသွင်းရမည့် ငွေကြေးအတွက် အသေးစိတ်ထပ်မံဆွေးနွေးရမည်ဖြစ်ကြောင်း သိရသည်။

ဖိနပ်လုပ်ငန်းစက်မှုရပ်ကွက် အကောင်အထည်ဖော်ဆောင်ပြီးပါက ဒေသတွင်းအလုပ်အကိုင်များကို ဖန်တီးပေးနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းလိုအပ်ချက်အတွက် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

"တံတားပြီးသွားတော့လည်း သွားလို့လာလို့အဆင်ပြေတော့သွားရမှာပေါ့။ အရင်ကငြင်းခဲ့တာ။အခုတော့လမ်းသင့်သွားတာပေါ့။ နောက်လည်း ထပ်ဖွံ့ဖြိုးလာဦးမှာပဲ။ အခုလို စက်မှုရပ်ကွက်လေး ဖြစ်လာအောင် ၅ နှစ်လောက်ကြိုးစားခဲ့တာ အခုရရှိပြီးတော့ ဘယ်လိုဆက်လုပ်ရမလဲဆိုတာ အသေးစိတ်ဆက်ဆွေးနွေးမယ်။ အဲဒီရပ်ကွက်ထဲမှာ လမ်းတွေ၊ မီးတွေကျန်တာတွေ ရဖို့လည်းလုပ်ရဦးမယ်။ကုန်ကြမ်းသွင်းမဲ့လမ်း ၊ ကုန်ချောထုတ်တဲ့လမ်းတွေလုပ်ရဦးမယ်။လုပ်ငန်းရှင်တွေ ဒီထက်ပိုမိုဖွံ့ဖြိုးတိုးတက်ပြီးတော့ခေတ်မီဆန်းပြားတဲ့ဖိနပ်တွေ ဒီထက်ပိုထုတ်လုပ်နိုင်မှာ"ဟု ပြောသည်။

လက်ရှိတွင် ပြည်တွင်း၌ အိမ်တွင်းတစ်နိုင်တစ်ပိုင် လုပ်ကိုင်သူများအပါအဝင် ဖိနပ်လုပ်ငန်းရှင် ၄ သောင်းဝန်းကျင်ရှိပြီး ပြည်တွင်း၌ ဖိနပ်ဝယ်လိုအားမှာ သန်း ၄၀ ထက်မနည်းရှိကာ လက်ရှိတွင်၂၅ ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်သေးကြောင်း သိရသည်။

**Source:** https://www.npnewsmm.com/

## မြန်မာနိုင်ငံမှာ ၉ လအတွင်း တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၉၇ သန်းကျော်ရှိ



လက်ရှိဘဏ္ဍာနှစ် ၉ လအတွင်း မြန်မာနိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၉၇ သန်းကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ၉ လအတွင်းမှာ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ ကန်ဒေါ်လာ ၉၇ ဒသမ ၀၂၃ သန်း ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပြီး နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုတွင် ဒုတိယအများဆုံး ဖြစ်ကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ ဘ ဏ္ဍာနှစ်အတွင်းမှာလည်း မြန်မာနိုင်ငံမှာတရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၉၄ သန်းကျော်ရှိခဲ့ကြောင်း ထုတ်ပြန်ချက်စာရင်းတွေအရ သိရပါတယ်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဟာ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ထားသည့် နိုင်ငံများဖြစ်ကြောင်း သိရပါတယ်။

စီးပွားရေးကဏ္ဍ ၁၂ ခု အနက်အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင်စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီး မြှုပ်နှံမှု၏ ၂၄ ဒသမ ၆၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင်စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားကြောင်း သိရပါတယ်။

**Source:** https://opinionleadersmedia.com/

## ဟသ်ာၤတမြို့နယ်တွင် ဆောင်းသီးနှံ ပဲပုပ်များဈေးကောင်းရရှိ



ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာၤတခရိုင်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်းသီးနှံ သီးထပ်အဖြစ် ပဲပုပ်ကို ဟသ်ာၤတမြို့နယ်တွင် ၁၂,၅၈၇ ဧက၊ ဇလွန်မြို့နယ်တွင် ၆၉၄၀ ဧက၊ လေးမျက်နှာ ၁၀,၇၈၃ ဧက နှင့် စုစုပေါင်း ၃၀,၃၁၀ ဧက ကို ၂၀၂၅ ခုနှစ် စက်တင်ဘာ နှောင်းပိုင်းက စိုက်ပျိုးခဲ့သော ဒီဇင်ဘာ တတိယသီတင်းပတ်တွင် ပဲပုပ်သီးနှံများ စတင်ရိတ်သိမ်းပြီး ဈေးကွက် ဝင်ရောက်လာခဲ့သည်။

တစ်ဧကလျှင် ပျမ်းမျှ ၂၅ တင်းမှ ၃၀ တင်းကြားထွက်ရှိပြီး စတင်ထွက်ရှိချိန် ဒီဇင်ဘာနောက်ဆုံးပတ်တွင် ပဲပုပ် တစ်တင်းလျှင် ၁၀၀,၀၀၀ကျပ်ဈေးနှုန်းဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသော်လည်း ယခု ဖေဖော်ဝါရီ ပထမပတ်တွင် ပဲပုပ် တစ်တင်းလျှင် ၁၃၅,၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။

ယခင်လဈေးနှုန်းဖြင့်နှိုင်းယှဉ်ပါက ၃၅,၀၀၀ ကျပ် ပိုမိုရရှိသောကြောင့် ယခင်နှစ်ဈေးနှုန်းထက်ပင် ဈေးကောင်းရလျက်ရှိသည်။

ပဲပုပ်တစ်ဧကလျှင် ပျမ်းမျှကုန်ကျစရိတ်မှာ ၆ သိန်းကျပ်ခန့်သာရှိသဖြင့် ပဲပုပ်စိုက်တောင်သူများ တစ်ဧကပျမ်းမျှ ကျပ် ၂၅ သိန်းဝန်းကျင်ခန့် အကျိုးအမြတ်ရလျက်ရှိကြောင်း ပဲပုပ်စိုက်တောင်သူများထံက သိရသည်။

**Source : DOCA(**ရောဝတီ)

## ယခုဘဏ္ဍာနှစ် ၁၀ လတာ ကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် နှစ်သိန်းခြောက်သောင်းကျော် တင်ပို့နိုင်



ပြည်တွင်းမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါး မက်ထရစ်တန် နှစ်သိန်းခြောက်သောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေဇန်နဝါရီလ ၃၁ရက်အထိ ၁၀ လတာ ကာလအတွင်း ငါးမက်ထရစ်တန် ၂၆၄,၁၃၀ ဒသမ ၇၈ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၅၈၆ သန်းရရှိခဲ့ပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး ကပြောသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇန်နဝါရီလ ၃၁ ရက်အထိ ၁၀ လတာကာလ အတွင်း ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ် တန် ၁၂၉,၀၄၀ ဒသမ ၄၇၆ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀၃ ဒသမ၂၉၇ သန်းနှင့် နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၁၃၅,၀၉၀ ဒသမ ၃၀၄ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၂၈၉ သန်း ရရှိသည့်အတွက် စုစုပေါင်းငါးမက်ထရစ်တန် ၂၆၄၁၃၀ ဒသမ ၇၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၅၈၆ သန်းရရှိခဲ့သည်။

ပြည်တွင်းမှ ငါးအပါအဝင်တခြားရေထွက်ကုန်များကိုလည်းတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ၁၀ လတာကာလ အတွင်း ရေထွက်ကုန်မက်ထရစ်တန် ၃၇၆ ဒသမ ၄၃၉ ဒသမ ၇၇၈ တန် တင်ပို့နိုင်ခဲ့သည်။

ပြည်တွင်းမှ ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်မှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## ဈေးကောင်းရလျက်ရှိသော ကွမ်းရွက်ဈေးနှုန်း



ရော၀တီတိုင်းဒေသကြီး၌ ကွမ်းရွက်ပင်ကို မြို့တိုင်းနီးပါး စိုက်ပျိုးကြပြီး ပုသိမ်ခရိုင် ၊ကျုံပျော် ခရိုင်၊ ဟင်္သာတခရိုင်၊ မြန်အောင်ခရိုင်၊ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်၊ ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်တို့မှ စုစုပေါင်း ကွမ်းစိုက်ဧက ၁၀,၇၆၈ ဧက ခန့်ရှိ၍ ယခု ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် ကွမ်းရွက် တစ်ပိဿာလျှင် ၃၃၀၀ ကျပ်၊ ဈေးဖြင့် ရောင်းချရလျက်ရှိသည်။

ယခင်ကာလတူ ဈေးနှုန်းဖြင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၁၀,၀၀၀ကျပ် ခန့် ပိုရလျက်ရှိပြီး ကွမ်းစိုက်တောင်သူတို့ ဈေးကောင်းရလျက်ရှိသည်။

ဒေသမျိုးကွမ်းညွန့်များကို တစ်ညွန့်လျှင် ၈၀ ကျပ်ခန့်ပေးရပြီး အပင် ၅၀၀၀ ခြံ၊ ၁၀၀၀ခြံ စသည်ဖြင့်စိုက်ပျိုးကြသည်။

အပင်အညွန့်တင်ရန် လက်ညှိုးလုံးခန့်ရှိသောကွမ်းခြံတိုင်ဝါးလေးများကိုအသုံးပြုရပြီး ယခုနှစ်တွင် ကွမ်းခြံဝါးတစ်လုံးလျှင် ၁၆၀ ကျပ်ခန့်ကျသင့်သည်။

ကွမ်းရွက် အပင် ၅၀၀၀ ခြံမှ တစ်ပတ်ခူးဆွတ်လျှင် ၅၀ ပိဿာခန့်ရရှိကြသည်။ အပင်၏ ကျန်းမာသန်းစွမ်းမှုကိုလိုက်၍ တစ်နှစ်ပတ်လုံးခူးဆွတ်နိုင်ကြပြီး နွေရာသီတွင်ရေလောင်းပေးရသည်။အပင်ကောင်းပါကနောက်နှစ်စိုက်ပျိုးချိန် ကာလအထိ ၎င်းအညွန့်ကို မျိုးပြန်ယူ၍ ပြန်လည်စိုက်ပျိုးကြသည်။အပင် ၅၀၀၀ ခြံမှ ၁၅ ရက်တစ်ပတ်လျှင် ကွမ်းရွက် ပိဿာ ၅၀ ခန့် ထွက်ရှိသည့်အတွက် ယခုဈေးတစ်ပိဿာ ၃၃,၀၀၀ ကျပ်ဖြင့်တွက်ပါက တစ်လလျှင် ၃၃ သိန်းကျပ်ခန့် ကွမ်းစိုက်တောင်သူတို့ ဝင်ငွေရလျက်ရှိသည်။

ကွမ်းရွက်ကို ဒေသတွင်းစားသုံးမှုအပြင် ရန်ကုန်သီရိမင်္ဂလာဈေးရှိ ကွမ်းဒိုင်များသို့ နေ့ချင်းအရောက်တင်ပို့၍ ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : DOCA ရော၀တီ**

## ယူအေအီးနှင့်ဘာရိန်းနိုင်ငံတို့ One-Point လေကြောင်းခရီးသွားစီမံကိန်းအား စတင်ပူးတွဲဆောင်ရွက်

အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဘာရိန်းဘုရင့်နိုင်ငံတို့သည် ၎င်းတို့၏နိုင်ငံသားများအတွက် လေကြောင်းခရီးသွားလာမှုကိုရိုးရှင်းစေရန်၊ စောင့်ဆိုင်းချိန်များကို လျှော့ချရန်နှင့် ပိုမိုမြန်ဆန်ပြီး ပိုမိုချောမွေ့သောခရီးသည်အတွေ့အကြုံများကို ဖန်တီးရန် ပုံစံထုတ်ထားသောနယ်စပ်ဖြတ်ကျော်အစီအစဉ်တစ်ခုဖြစ်သည့် One-Point လေကြောင်းခရီးသွားလာရေး စီမံကိန်း၏ စမ်းသပ်အဆင့်ကို စတင်ဆောင်ရွက်ခဲ့သည်။

ဤစီမံကိန်းသည် နှစ်နိုင်ငံအကြား ခရီးသွားလာနေကြသော ခရီးသွားများအား ထွက်ခွာမှုမတိုင်မီ ရှင်းလင်းရေးစနစ်မှတစ်ဆင့် ၎င်းတို့၏ထွက်ခွာရာလေဆိပ်တွင်ဝင်ခွင့်လုပ်ထုံးလုပ်နည်းများကို ပြီးမြောက်စေရန် လုပ်ဆောင်နိုင်စေမည်ဖြစ်ပြီး ပထမအဆင့်တွင် Zayed အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ဘာရိန်းအပြည်ပြည်ဆိုင်ရာလေဆိပ်တို့ပါဝင်မည်ဖြစ်သည်။

ယူအေအီးနိုင်ငံတွင် ဤအစီအစဉ်ကို ဖက်ဒရယ်မှတ်ပုံတင်၊ နိုင်ငံသားဖြစ်မှု၊ အကောက်ခွန်နှင့် ဆိပ်ကမ်းလုံခြုံရေး အာဏာပိုင်အဖွဲ့အစည်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ဘာရိန်းနိုင်ငံမှ ပြည်ထဲရေးဝန်ကြီးဌာနက ပင်လယ်ကွေ့ဒေသပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများတို့နှင့် ပူးပေါင်း၍ ၎င်းတို့၏ဘက်မှ အကောင်အထည်ဖော်မှုကို ဦးဆောင်လျက်ရှိသည်။

ငင်းစနစ်သည် အီလက်ထရွန်းနစ်ချိတ်ဆက်မှု၊ ဇီဝမက်ထရစ်အတည်ပြုခြင်း၊ e-gates၊ စောင့်ကြည့်ရေးနည်းပညာများနှင့် အဆင့်မြင့်ခရီးသည် အချက်အလက်လုပ်ဆောင်မှုများအပေါ် မှီခိုအားထားရမည်ဖြစ်သည်။ ခရီးသွားများ၏လှုပ်ရှားမှုများကို ရောက်ရှိခြင်းမပြုမီ အတည်ပြုပြီး မှတ်တမ်းတင်ထားသောကြောင့်ခရီးသည်များသည် ၎င်းတို့၏ ဦးတည်ရာဒေသရှိ သမားရိုးကျ ဝင်ခွင့်လုပ်ထုံးလုပ်နည်းများကို ကျော်လွှားနိုင်ပြီး လေဆိပ်များကို ပိုမိုမြန်ဆန်စွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

ယူအေအီးအာဏာပိုင်အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Suhail Saeed Al Khaili က ဤစီမံကိန်းသည် အဆင့်မြင့်နည်းပညာနှင့်အချက်အလက်ဖလှယ်မှုများမှတစ်ဆင့် ပိုမိုဘေးကင်းပြီး အဆင်ပြေသော ခရီးသွားအတွေ့အကြုံများကို ပေးအပ်သွားမည့် GCC နိုင်ငံများ၏ ကတိကဝတ်ကို ထင်ဟပ်စေကြောင်း ပြောကြားခဲ့သည်။

၎င်းက ဤအစီအစဉ်သည် ခရီးသွားလုပ်ငန်းကိုတိုးမြှင့်ရန်၊ နှစ်နိုင်ငံကုန်သွယ်ရေးကိုအားကောင်းစေရန်နှင့် လေဆိပ်နှစ်ခုလုံးအား ဒေသတွင်းစီးပွားရေးတိုးတက်မှုကိုပံ့ပိုးပေးသည့် အဓိကထွက်ခွာရာဗဟိုချက်များအဖြစ် ပြောင်းလဲရန်ကူညီပေးနိုင်လိမ့်မည်ဟု မှတ်ချက်ပြုပြောကြားခဲ့သည်။

ဆိပ်ကမ်းများဆိုင်ရာ အာဏာပိုင်အဖွဲ့၏ခေတ္တညွှန်ကြားရေးမှူးချုပ် Mohammed Ahmed Al Kuwaiti က ဤစီမံကိန်းအား ယူအေအီးနှင့်ဘာရိန်းအကြား မဟာဗျူဟာမြောက်ပေါင်းစည်းမှုကို နက်ရှိုင်းစေသည့်လက်တွေ့ကျသော ဥပမာတစ်ခုအဖြစ် ဖော်ပြခဲ့သည်။

လုံခြုံသောအချက်အလက်ဖလှယ်မှုနှင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုသည် အဆိုပါအစီအစဉ်၏ အခြေခံအုတ်မြစ်ဖြစ်ပြီး GCC နိုင်ငံများတစ်ဝှမ်းရှိ အနာဂတ်စမတ်မိုဘိုင်းစီမံကိန်းများအတွက် တိုးချဲ့နိုင်သောပုံစံတစ်ခုအဖြစ် သတ်မှတ်ထားကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**Source: Emirates News Agency**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)**

## ဒူဘိုင်းမှဗန်ကောက်သို့ နေ့စဉ်ပျံသန်းမှုအား flydubai မှ နှစ်ဆတိုးချဲ့မှုစတင်

ဒူဘိုင်းအခြေစိုက်အစိုးရလေကြောင်းလိုင်းတစ်ခုဖြစ်သော flydubai သည် ၎င်းတို့၏တည်ရှိနေမှုကို အားကောင်းစေရန်အတွက် ၎င်းတို့၏ ထိုင်းနိုင်ငံတွင် စုစုပေါင်းပျံသန်းလည်ပတ်မှုကို တစ်ပတ်လျှင် ၂၈ ကြိမ်အထိတိုးမြှင့်ပြေးဆွဲခဲ့သည်။

၎င်းဝန်ဆောင်မှုအသစ်သည် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင်စတင်မည်ဖြစ်ပြီး ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Terminal 3 မှ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်အထိ ပြေးဆွဲသွားမည်ဖြစ်သည်။

အဆိုပါတိုးချဲ့ပျံသန်းမှုသည်အရှေ့တောင်အာရှ၏ အကျော်ကြားဆုံးအပန်းဖြေနှင့်စီးပွားရေးနေရာများထဲမှ တစ်ခုဖြစ်သည့် ထိုင်းနိုင်ငံနှင့်ဒူဘိုင်းပြည်နယ်အကြားခရီးသွားလာမှုအတွက်ရေရှည်ဝယ်လိုအားကိုထင်ဟပ်စေကြောင်းသတင်းဖော်ပြထားသည်။

flydubai ၏အမှုဆောင်အရာရှိချုပ် Hamad Obaidalla ကတိုးမြှင့်လာသော ပျံသန်းလည်ပတ်မှုကြိမ်နှုန်းသည် လေကြောင်းလိုင်း၏ကြီးထွားလာနေသော ကွန်ရက်တစ်လျှောက်တွင် ဖောက်သည်များအား ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် အဆင်ပြေမှုကိုပေးဆောင်မည့် ကတိကဝတ်ကို မီးမောင်းထိုးပြလျက်ရှိကြောင်း ပြောကြားခဲ့သည်။

Terminal 3 မှ ပြေးဆွဲသောလေယာဉ်ခရီးစဉ်များနှင့် codeshare ဖြင့်ပျံသန်းသော လေယာဉ်ခရီးစဉ်များသည် ခရီးသည်များအား ဒူဘိုင်းမှတစ်ဆင့် GCC နိုင်ငံများ၊ ဥရောပနှင့် အခြားဒေသများဆီသို့ ချောမွေ့စွာချိတ်ဆက်မှုမှ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုပြောကြားခဲ့သည်။

ဝန်ဆောင်မှုနှစ်ဆတိုးချဲ့သည့် နေ့စဉ်ပျံသန်းမှုကို flydubai နှင့် Emirates codeshare မိတ်ဖက် အဖွဲ့များအောက်တွင် ပေးအပ်သွားမည်ဖြစ်ပြီး ခရီးသည်များအား လက်မှတ်တစ်စောင်တည်းဖြင့် ခရီးစဉ်များ၊ ခရီးဆောင်အိတ်များကို စစ်ဆေးခြင်းနှင့် ကမ္ဘာတစ်ဝှမ်းရှိနေရာ ၂၄၀ ကျော်တို့၏ ကျယ်ပြန့်သော ပေါင်းစပ်ကွန်ရက်သို့ ဝင်ရောက်ခွင့်တို့ကို ပေးဆောင်မည်ဖြစ်သည်။

ဤသို့နောက်ဆုံးထပ်တိုးချဲ့မှုဖြင့် flydubai သည် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာခြေရာကို ဆက်လက်တိုးချဲ့လျက်ရှိပြီး ယခုအခါတွင် ခရီးစဉ် ၁၃၅ ခုကျော်ကို လွှမ်းခြုံထားသည်။ လေကြောင်းလိုင်း၏ ကွန်ရက်တိုးတက်မှုသည် ဒူဘိုင်း၏ ထိပ်တန်းနိုင်ငံတကာလေကြောင်းဗဟိုချက်နှင့်အရှေ့နှင့်အနောက်ဒေသများအကြား အဓိကဝင်ပေါက်အဖြစ် ဒူဘိုင်း၏အခန်းကဏ္ဍကို ပိုမိုအားကောင်းစေကြောင်း ၎င်းကပြောကြားခဲ့သည်။

ဇန်ကောက်ခရီးစဉ်အသစ်များသည် ယူအေအီးနှင့်ထိုင်းနိုင်ငံအကြား ခရီးသွားလုပ်ငန်း၊ စီးပွားရေးခရီးသွားလုပ်ငန်းနှင့်ကုန်သွယ်ရေးချိတ်ဆက်မှုများအား တိုးတက်လာစေရန် ပံ့ပိုးပေးနိုင်မည်ဟုမျှော်လင့်ထားပြီး ဒူဘိုင်းမှတစ်ဆင့် ခရီးသွားလာကြသည့်အခါ ခရီးသည်များအား ရွေးချယ်စရာနှင့် ချိတ်ဆက်မှုပိုမိုရရှိစေရန် မျှော်မှန်းထားကြောင်း သတင်းဌာနမှ ဖော်ပြထားသည်။

**Source: Emirates News Agency**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)**

## STOCK EXCHANGE (20.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Feb. 2026

Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 11,165 (Shares) | 39,055,650 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,700 | 8,700 | 8,600 | 968 | 8,343,200 | 33,109,694 | 284,743 |
| MTSH | 00002 | 4,200 | +0 | +0.00% | 4,300 | 4,300 | 4,200 | 2,648 | 11,136,900 | 38,929,150 | 163,502 |
| MCB | 00003 | 8,300 | -200 | -2.35% | 8,300 | 8,300 | 8,300 | 3 | 24,900 | 10,400,986 | 86,328 |
| FPB | 00004 | 3,100 | +100 | +3.33% | 3,050 | 3,100 | 3,000 | 2,643 | 8,150,450 | 29,664,613 | 91,960 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 121 | 363,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,650 | 1,650 | 1,600 | 2,543 | 4,069,300 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 29 | 116,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 2,210 | 6,851,900 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 20th Feb. 2026

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 431.43 | +0.37 | +0.09% | 435.67 | 435.67 | 431.43 | 11,165 | 39,055,650 | 8 | 813,750 |

Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 p.m. 20th Feb. 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,911 (Shares) | 19,915,200 (MMK) |

| MYANPIX | 434.72 ▲ 3.66 |
|---|---|
| Total Volume (shares) | 6,911 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 819,956 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 4,300 | ▲ 100 |
| MCB | 00003 | 8,300 | ▼ 200 |
| FPB | 00004 | 3,100 | ▲ 100 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,100 | ▼ 50 |

TIR